# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 28, 2020 | Volume 35, Number 20


**၂၈.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၅၆ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၂၄/- ကျပ် |
| CBM Rate | = ၁၃၀၈.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၂၁၇၁၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၇၉.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၁.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၁.၈၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၇၄၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၁.၅၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၃.၃၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၂၆၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရင်းနှီးမြှုပ်နှံမှုသည် ယခင်နှစ်ထက်ပိုနေပြီး COVID ရောဂါဖြင့် ရုန်းကန်နေရသည့် အခြေအနေ၌ပင် မကျဆင်းအောင် အတတ်နိုင်ဆုံးထိန်းထားကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြား



ရင်းနှီးမြှုပ်နှံမှုသည် ယခင်နှစ်ထက်ပိုနေပြီး COVID ရောဂါဖြင့် ရုန်းကန်နေရသည့် အခြေအနေ၌ပင် စီးပွားရေး မကျဆင်းအောင် အတတ်နိုင်ဆုံး ထိန်းထားကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

COVID-19 ရောဂါ ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် ပတ်သက်၍ စက်တင်ဘာ ၂၅ ရက်ညပိုင်းက ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။ "ကျွန်မတို့ ကိန်းဂဏန်းတွေ ကြည့်လိုက်တယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုဟာ ကျွန်မတို့အခုက ကိုးလပိုင်းပဲရှိသေးပေမယ့် အရင်နှစ်ကထက်ပိုနေပါပြီ။ အဲဒီတော့ ပြောချင်တာက COVID ရောဂါနဲ့ ရုန်းကန်နေရတဲ့ အခြေအနေမှာတောင်မှ ကျွန်မတို့ စီးပွားရေး သိပ်ပြီးတော့ မကျဆင်းအောင်လို့ ကျွန်မတို့ အတတ်နိုင်ဆုံး ထိန်းထားပါတယ်။ ထိန်းလို့လည်း အတိုင်းအတာတစ်ခုထိ အောင်မြင်နေတယ် ဆိုတာလည်းပြောချင်ပါတယ်။ စီးပွားကူးသန်းနဲ့ပတ်သက်လို့ရှိရင် ကူးသန်းရောင်းဝယ် ရေးနဲ့ ပတ်သက်လို့ဆိုရင် အခုကိုးလပိုင်းရောက်တဲ့အချိန်မှာ အရင်နှစ် တစ်နှစ်တုန်းက လောက်ကိုတော့ မမီသေးပါဘူး။ သို့သော်ငြားလည်း မီလုနီးပါးရှိနေပါပြီ။ ကျွန်မတို့မှာ နောက်လည်း သုံးလရှိသေးတယ်ဆိုတာ ကျွန်မပြောချင်ပါတယ်" ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကပြောကြားသည်။

COVID-19 ရောဂါနှင့်ပတ်သက်၍ လူနာများနှင့်ပတ်သက်ပြီး အခြေအနေကြည့်ကာ စီစဉ်မှုများ ရှိနေကြောင်းနှင့် ပြည်သူများ စိတ်ငြိမ်ငြိမ်ထားရန်၊ နိုင်ငံ၏ အခြေအနေ နိုင်ငံ၏ အနာဂတ်အတွက် သိပ်ပြီးမစိုးရိမ်ရန်လိုကြောင်း၊ ဥပမာဆိုပါက သေဆုံးမှုနှုန်း နည်းနည်းမြင့်တက်လာပြီး ၁ ဒသမ ၄ မှ ယခု ၁ ဒသမ ၆ အထိ မြင့်တက်လာကြောင်း၊ ယင်းမှာ များစွာမြင့်တက်လာခြင်း မဟုတ်ကြောင်း ၎င်းကဆိုသည်။ ထို့ပြင် ပြည်သူများ စိုးရိမ်လွန်ပါက Stress များကာ ကိုယ်ခံစွမ်းအားကျလာတတ်ပြီး ရောဂါကိုကာကွယ် နိုင်စွမ်းလည်းကျကြောင်း၊ ထို့ကြောင့် မလိုအပ်ဘဲနှင့် ပြည်သူများကို စိတ်ပူပင်သောက များ မဖြစ်စေလိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။

Source: https://news-eleven.com/article/194015

## ဩဂုတ်လကုန်အထိ ကားအရောင်းစင်တာ ၁၄၃ ခုနှင့် ကားအရောင်းပြခန်း ၆၂ ခုတို့ကို ဖွင့်လှစ်ခွင့်ပြုထားပြီး တင်သွင်းခွင့် လျှောက်ထားမှုများကို အောက်တိုဘာ ၁ ရက်မှစ၍ Fully Online စနစ်ဖြင့် ခွင့်ပြုမည်




၂၀၂၀ ပြည့်နှစ် ဩဂုတ်လကုန်အထိ ကားအရောင်းစင်တာ ၁၄၃ ခုနှင့် ကားအရောင်းပြခန်း ၆၂ ခုတို့ကို ဖွင့်လှစ်ခွင့်ပြုထားပြီး COVID-19 ကာလအတွင်း မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်ထားမှုများကို အောက်တိုဘာ ၁ ရက်မှစ၍ Fully Online စနစ်ဖြင့် ခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၅ ရက်တွင် ပြုလုပ်သည့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ ၃/၂၀၂၀ ကြိမ်မြောက် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ အရောင်းစင်တာ ၁၄၃ ခု၊ အရောင်းပြခန်း ၆၂ ခုတို့ကို ဖွင့်လှစ်ခွင့်ပြုပြီးဖြစ်သည်။ ထို့အတူ ကော်မတီအနေဖြင့် ၂၀၂၁ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်ခုနှစ် (Model Year) သတ်မှတ်ချက်ကို ကော်မတီဝင်များ၏ သဘောထားမှတ်ချက်များရယူပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀ ဖြင့် ထုတ်ပြန်ပြီးဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် ပြည်ပမော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်ခုနှစ် သတ်မှတ်ချက်မှာ တစ်ဦးချင်းအစီအစဉ်ဖြင့် တင်သွင်းခြင်းဖြစ်စေ၊ ယာဉ်အိုယာဉ်ဟောင်း အစီအစဉ်ဖြင့် တင်သွင်းခြင်းဖြစ်စေ၊ လှူဒါန်းခြင်းဖြစ်စေ၊ လူစီးမော်တော်ယာဉ် တင်သွင်းခြင်းတွင် သုံးနှစ်အတွင်း ထုတ်လုပ်သည့် မော်တော်ယာဉ်၊ လုပ်ငန်းသုံးယာဉ်တင်သွင်းခြင်းတွင် ငါးနှစ်အတွင်း ထုတ်လုပ်သည့် မော်တော်ယာဉ်များကို တင်သွင်းရန် သတ်မှတ်ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ပြောကြားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် COVID-19 ရောဂါဖြစ်ပွားနေသည့် အရေးပေါ်ကာလအတွင်း ကုန်သွယ်မှုလုပ်ငန်းများ အရှိန်မပျက်ဆောင်ရွက်နိုင်စေရန်အတွက် မော်တော်ယာဉ်တင်သွင်းခွင့်လျှောက်ထားမှုများကို Fully Online စနစ်ဖြင့် အောက်တိုဘာ ၁ ရက်မှစတင်ပြီး ခွင့်ပြုနိုင်ရေးစီစစ်ဆောင်ရွက်လျက်ရှိသည်။ ပထမအဆင့်အနေဖြင့် အရောင်းပြခန်းများ၏ မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်ထားမှုများကို Fully Online စနစ်ဖြင့် စတင်စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ မော်တော်ယာဉ်တင်သွင်းခွင့်လိုင်စင်ကို Online စနစ်ဖြင့် စမ်းသပ်ဆောင်ရွက်စဉ်ကာလအတွင်း ဝယ်ယူခွင့်ပါမစ်များကို Manual စနစ်ဖြင့် ခွင့်ပြုထားပေးသွားမည်ဖြစ်သည်။ ဒုတိယအဆင့် အနေဖြင့် အရောင်းစင်တာများမှ မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်ထားမှုများ၊ ဝယ်ယူခွင့်ပါမစ်များကို Fully Online စနစ်ဖြင့် လိုင်စင်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်ဌာနများ၏ လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်များနှင့်အညီ တွေ့ကြုံနေရသည့်အခက်အခဲများကိုလည်း အဆင်ပြေစွာဆောင်ရွက်ပေးခြင်းဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်ပတ်သက်သည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းအကြံပြုဆွေးနွေးပေးရန် ကော်မတီအစည်းအဝေးတွင် ပြောကြားသည်။

**Source:** https://news-eleven.com/article/194062

## ကပ်ရောဂါယက်ကြောင့် ပင်းတယဒေသထွက် ပန်းဂေါ်ဖီနှင့်ဂေါ်ဖီထုပ်များ ဝယ်ယူသူမရှိဖြစ်နေ

ကပ်ရောဂါယက်ကြောင့် ပင်းတယဒေသထွက် ပန်းဂေါ်ဖီနှင့်ဂေါ်ဖီထုပ်များ ဝယ်ယူသူမရှိသဖြင့် ရောင်းချရန်အခက်အခဲကြုံနေရသည်ဟု တောင်သူများကပြောသည်။ ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ်အတွင်း စိုက်ပျိုးထားသည့် ပန်းဂေါ်ဖီနှင့်ဂေါ်ဖီထုပ်များသည် COVID-19 ရောဂါ ပြည်တွင်းကူးစက်မှုများကြောင့် ကုန်စည်စီးဆင်းမှုမရှိ၍ ဝယ်ယူသူမရှိခြင်းဖြစ်ကာ အရင်းအနှီးများပြားစွာ ဆုံးရှုံးရသည်ဟု တောင်သူများကပြောသည်။

အဆိုပါ ပန်းဂေါ်ဖီနှင့်ဂေါ်ဖီထုပ်များကို ပင်းတယမြို့နယ် ရေချမ်းစင်၊ တမဲ၊ သရက်ကုန်း၊ ပွေးလှမြို့ စသည့်နေရာဒေသများတွင် စိုက်ပျိုးသည်။ ''အခုလို ဝယ်သူမရှိတော့စားဝတ်နေရေးခက်ခဲပြီး အကြွေးတွေတင်ပြီပေါ့ဗျာ။ ဒီဒေသမှာ အခုတစ်ကြိမ် စိုက်ပျိုးထွက်ရှိတဲ့ ပန်းဂေါ်ဖီနဲ့ဂေါ်ဖီထုပ်က နှစ်သိန်းကျော်ရှိတယ်။ အခုနှစ်က မိုးလည်းကောင်းကောင်းမရွာတော့ရေကို ဝယ်ပြီးဖျန်းရတယ်''ဟု ပန်းဂေါ်ဖီစိုက်ပျိုးသူ ကိုမျိုးသိမ်းကပြောသည်။ ပန်းဂေါ်ဖီနှင့်ဂေါ်ဖီထုပ်များကို စိုက်ပျိုးရာတွင် တစ်ဧကလျှင် အပင် ၈,၀၀၀ ဝန်းကျင်ခန့် စိုက်ပျိုးနိုင်ပြီး မျိုးစေ့ဖိုး၊ ဆေးဖိုး၊ လုပ်အားခ၊ ထွန်ယက်ခများ ထည့်တွက်ပါက ကုန်ကျစရိတ်မှာ တစ်ဧကလျှင် ကျပ်ကိုးသိန်းဝန်းကျင်ကုန်ကျသည်။ ''အခုက စိုက်ပျိုးထားတဲ့ သီးနှံတွေကို ပွဲစားဆီသွားရောင်းတာတောင်မှ သူတို့လည်း အရှေ့ကို မတင်ပို့နိုင်သေးလို့ မဝယ်ပေးနိုင်ကြသေးဘူး''ဟု ဂေါ်ဖီထုပ်စိုက်ပျိုးသူ ကိုခင်ဆွေကပြောသည်။

ကပ်ရောဂါ ပထမလှိုင်းတွင်လည်း ကုန်စည်စီးဆင်းမှုမရှိသဖြင့် ဂေါ်ဖီထုပ်များ ရောင်းချ၍မရဘဲ တောင်သူများက ခြံအလိုက်ပစ်ထားခဲ့ရသည်။ ထိုစဉ်က 'ပြည်သူလှူ တောင်သူကိုကူ' အမည်ဖြင့် အလှူရှင်များက ဂေါ်ဖီထုပ်များကို တစ်ထုပ်ကျပ် ၅၀ ဖြင့်ဝယ်ယူကာ နိုင်ငံအနှံ့လှူဒါန်းခဲ့သည်။

**Source:** https://7day.news/detail?id=200280

## ကိုဗစ်ချေးငွေရရှိသူများစာရင်းတွင် ရခိုင်ပြည်နယ်မှ ဆန်စက်လုပ်ငန်းများ၊ ကြက်မွေးမြူရေးလုပ်ငန်း၊ နေလှန်းဆားကြမ်းထုတ်လုပ်ရေးလုပ်ငန်းစသည်ဖြင့် လုပ်ငန်း ၂၃ ခုပါဝင်

COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုအပေါ် ကုစားရေးကော်မတီ၏ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၂ ရက် အစည်းအဝေးဆုံးဖြတ်ချက် အမှတ် ၉/၂၀၂၀ အရ ကိုဗစ်ချေးငွေခွင့်ပြုချက် ရရှိသူများစာရင်းတွင် ရခိုင်ပြည်နယ်မှ ဆန်စက်လုပ်ငန်းများ၊ ကြက်မွေးမြူရေးလုပ်ငန်း၊ နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်းစသည်ဖြင့် လုပ်ငန်း ၂၃ ခု ပါဝင်ကြောင်း ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှသိရသည်။

အဆိုပါ ကိုဗစ်ချေးငွေခွင့်ပြုချက် ရရှိသူများစာရင်းတွင် တောင်ကုတ်မြို့မှ ငွေပဒေသာဆန်စက်၊ ရိုးမသဇင်ဆန်စက်၊ ဒေါ်ဆွေဇင်သက် (ကြက်မွေးမြူရေး)၊ ပေါက်တောမြို့နယ်အတွင်း ဦးမောင်သန်းဝင်း (နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း)၊ စစ်တွေမြို့မှ ရွှေငါး (ငရုတ်သီးမှုန့်လုပ်ငန်း)၊ အမ်းမြို့မှ သုခစံမုန့်မျိုးစုံလုပ်ငန်း၊ မြောက်ဦးမြို့နယ်မှ နေနတ်သားဆန်စက်လုပ်ငန်း၊ ကျောက်တော်မြို့မှ ကစ္ဆပ သောက်ရေသန့်နှင့် ဆန်စက်၊ ဦးမောင်လှရွှေ ဆန်စက်၊ ရသေ့တောင်မြို့နယ်မှ ဦးကျော်ရီဆန်စက်လုပ်ငန်း၊ ကျောက်တော်မြို့မှ BUM မုန့်တိုက်၊ ကျောက်ဖြူမြို့မှ ခင်လှဝင်း ဆားကြိတ်စက်၊ ကျောက်တော်မြို့မှ စိုးရတနာ ဆီစက်၊ ဦးဇော်ဇော် (ငြိမ်းမိသားစု)၊ စစ်တွေမြို့မှ ZAW အဆင့်မြင့်သောက်ရေသန့်လုပ်ငန်း၊ ကျောက်တော်မြို့မှ အကယ်ဒမီ ရေခဲစက်၊ မင်းပြားမြို့မှ သဟဇာတဆန်စက်၊ စစ်တွေမြို့မှ ရခိုင်ဆန်စပါးကုမ္ပဏီ၊ ကျောက်တော်မြို့မှ Water Star ရေသန့်၊ ပုဏ္ဏားကျွန်းမြို့နယ်မှ ကိုကျော်သိန်းဟာလာ ဆန်စက်၊ မြောက်ဦးမြို့မှ ဒေါ်လှတင်ရွှေ ဆန်စက်လုပ်ငန်း၊ စစ်တွေမြို့မှ ဝေသာလီ ဥစားကြက်မွေးမြူရေး၊ DUAL TECH သက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း (စစ်တွေ) မြို့တို့ ပါဝင်ကြောင်း သိရသည်။

COVID-19 ကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်း ၁၀၄၁ ခုသို့ ချေးငွေကျပ် ၂၀ ဒသမ ၇၇၇၅ ဘီလျံကို ဒုတိယအကြိမ် COVID-19 Fund မှ ချေးငွေထုတ်ယူခွင့်ပြုလိုက်ကြောင်း COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက သတင်းထုတ်ပြန်လိုက်သည်။ ဒုတိယအကြိမ် COVID-19 Fund မှ ပထမအသုတ်ချေးငွေရရှိသည့်ကုမ္ပဏီလုပ်ငန်းများတွင် ဆန်စက်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်များ၊ Daewoo Bus Myanmar Company Limited၊ ပလတ်စတစ်ဘူးခွံ လုပ်ငန်းများ မြေပဲခွဲစက်လုပ်ငန်းများ အစရှိသည်တို့ ပါဝင်သည်။

ဒုတိယအကြိမ်ချေးငွေထုတ်ပေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေထွက်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ၊ ပြည်ပပို့ကုန်ထုတ်လုပ်သည့်ကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးပစ္စည်းထုတ်လုပ်သည့်ကုန်ထုတ်လုပ်ငန်းများ၊ ပြည်တွင်းထုတ်လုပ်မှုမှ ပြည်ပတင်ပို့သည်အထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ပါဝင်ဆောင်ရွက်သည့်လုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းများနှင့် အသက်မွေး

ဝမ်းကျောင်းပညာသင်ကျောင်းများသို့ ထုတ်ပေးရေးဆောင်ရွက်ပေးသွားရန်နှင့် ချေးငွေထုတ်ပေးမှုများ မြန်ဆန်စေရေး မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ပေးမှုအပြင် ပုဂ္ဂလိကဘဏ်များမှတစ်ဆင့်လည်း ထုတ်ပေးမည်ဖြစ်သည်။

Source: https://news-eleven.com/article/194064

## ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲနှုန်း ပြန်လည်ကျဆင်းလာပြီး တစ်ပတ်အတွင်း အနိမ့်ဆုံးနှုန်း ၁၃၂၄ ကျပ် ဝန်းကျင်၊ အမြင့်ဆုံးနှုန်း ၁၃၃၁ ကျပ်ဝန်းကျင်ဖြစ်ပေါ်

ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲနှုန်းပြန်လည်ကျဆင်းလာပြီး စက်တင်ဘာ ၁၉ ရက်မှ စက်တင်ဘာ ၂၅ ရက်အတွင်း အနိမ့်ဆုံးနှုန်း ၁၃၂၄ ကျပ်ဝန်းကျင်၊ အမြင့်ဆုံးနှုန်း ၁၃၃၁ ကျပ်ဝန်းကျင်ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ ယခုရက်သတ္တပတ်အတွင်း စက်တင်ဘာ ၁၉ ရက်တွင် နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၃၃၁ ကျပ်ဝန်းကျင် ဖြစ်ပေါ်ခဲ့သော်လည်း စက်တင်ဘာ ၂၄ ရက်တွင် တစ်ဒေါ်လာ ၁၃၂၄ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ခြောက်လအတွင်း အမြင့်ဆုံးဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ဒေါ်လာဈေးအညွှန်းကိန်းများမှာ မတ်တွင် ၁၀၃ ဒသမ ၆၆ ပွိုင့်၊ ဧပြီတွင် ၁၀၀ ဒသမ ၉၂၇ ပွိုင့်၊ မေတွင် ၁၀၀ ဒသမ ၅၃၀ ပွိုင့်၊ ဇွန်တွင် ၉၈ ဒသမ ၀၄၀ ပွိုင့်၊ ဇူလိုင်တွင် ၉၇ ဒသမ ၃၀၈ ပွိုင့်၊ ဩဂုတ်တွင် ၉၃ ဒသမ ၈၉၈ ပွိုင့်ဖြစ်သည်။

ပြည်တွင်းဈေးကွက်တွင် နိုင်ငံခြားငွေလဲနှုန်း ၂၀၁၈ ခုနှစ် ဇွန်လမှ စတင်ကာ သိသိသာသာမြင့်တက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် တစ်ဒေါ်လာ ၁၄၃၈ ကျပ်စံချိန်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျပ် ၁၄၄၀ ဖြင့် ချိုးခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် ကျပ် ၁၅၇၀ ဖြင့် စံချိန်တင်ထားကာ စက်တင်ဘာ ၁၈ ရက်တွင် ၁၅၈၅ ကျပ်၊ စက်တင်ဘာ ၁၉ ရက်တွင် ၁၆၂၂ ကျပ်၊ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ ဖြင့် အမြင့်ဆုံးစံချိန်ထပ်တင်ခဲ့သည်။ ဒေါ်လာဈေးသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျပ် ၁၄၈၀ အထိ ကျဆင်းခဲ့သော်လည်း တစ်လအတွင်း ဆက်တိုက်မြင့်တက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ အထိ အမြင့်ဆုံးစံချိန်တင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၁၅၁၅ ကျပ်အထိ ပြန်ကျခဲ့သော်လည်း အောက်တိုဘာ ၁၀ ရက်တွင် ကျပ် ၁၅၉၀၊ အောက်တိုဘာ ၁၁ ရက်တွင် ကျပ် ၁၆၀၀ အထိ ပြန်လည်မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၁၅၁၀ ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် ၁၅၇၇ ကျပ်အထိ ပြန်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျပ် ၁၅၄၀၊ ဇန်နဝါရီ ၁၅ ရက်တွင် ၁၅၁၅ ကျပ်အထိ၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ၁၅၀၃ ကျပ်အထိ ကျဆင်းခဲ့သည်။ မတ် ၁၈ ရက်တွင် ၁၅၂၇ ကျပ်အထိ မေ ၁၄ ရက်တွင် ၁၅၃၈ ကျပ်အထိ ပြန်တက်ခဲ့ပြီး ဇွန် ၁ ရက်တွင် ၁၅၂၉ ကျပ်ဝန်းကျင်ရှိခဲ့သည်။ ဩဂုတ် ၂၆ ရက်တွင် ၁၅၁၄ ကျပ်ဝန်းကျင် ဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် ၁၅၆၅ ကျပ်အထိ မြင့်တက်ခဲ့ကာ ဒီဇင်ဘာ ၂၅ ရက်မှစတင်ဘာ တစ်ဒေါ်လာ ကျပ် ၁၅၀၀ အောက်၊ ၂၀၂၀ ပြည့်နှစ် မတ် ၅ ရက်မှစ၍ ကျပ် ၁၄၀၀ အောက် ကျဆင်းခဲ့သည်။ မတ် ၁၀ ရက်တွင် တစ်ဒေါ်လာ ကျပ် ၁၃၂၀ အထိ ကျဆင်းခဲ့ပြီး မတ် ၁၂ ရက်တွင် ၁၄၂၀၊ မတ် ၁၇ ရက်တွင် ၁၄၄၅ အထိ ပြန်တက်ခဲ့ကာ ဧပြီလတွင် ၁၄၄၀ ကျပ်၊ မေလတွင် ၁၄၂၆ ကျပ်အထိ လတစ်လအတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့သည်။

ပြည်တွင်းဈေးကွက်၌ တစ်နှစ်အတွင်းအတွင်း လအလိုက်ဖြစ်ပေါ်သော နိုင်ငံခြားငွေလဲနှုန်း အနိမ့်ဆုံးနှင့်အမြင့်ဆုံးနှုန်းများမှာ ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ၁၅၂၇ -၁၅၆၅ ကျပ်၊ အောက်တိုဘာတွင် ၁၅၂၈–၁၅၃၇ ကျပ်၊ နိုဝင်ဘာတွင် ၁၅၁၀–၁၅၂၄ ကျပ်၊ ဒီဇင်ဘာတွင် ၁၄၈၅–၁၅၁၃ ကျပ်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၁၄၆၅–၁၄၉၃ ကျပ်၊ ဖေဖော်ဝါရီတွင် ၁၄၃၆–၁၄၆၅ ကျပ်၊ မတ်တွင် ၁၃၂၀–၁၄၄၅ ကျပ်၊ ဧပြီတွင် ၁၃၉၅–၁၄၄၀ ကျပ်၊ မေတွင် ၁၄၀၆–၁၄၂၆ ကျပ်၊ ဇွန်တွင် ၁၄၁၂ -၁၃၈၅ ကျပ်၊ ဇူလိုင်တွင် ၁၃၆၇– ၁၄၁၃ ကျပ်၊ ဩဂုတ်တွင် ၁၃၄၂– ၁၃၉၂ ကျပ်တို့ဖြစ်သည်။

ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၅ ရက်တွင် ဖြစ်ပေါ်သော အခြားနိုင်ငံခြားငွေကြေးများ၏ လဲလှယ်မှုနှုန်းထားများမှာ ယူရို ၁၅၅၀ ကျပ်၊ စင်ကာပူ ဒေါ်လာ ၉၆၀ ကျပ်၊ မလေးရှားရင်းဂစ် ၃၁၀ ကျပ်၊ ထိုင်းဘတ် ၄၁ ဒသမ ၈ ကျပ်၊ တရုတ်ယွမ် ၁၉၃ ဒသမ ၅ ကျပ်၊ ဂျပန်ယန်း ၁၂ ဒသမ ၄ ကျပ် ဖြစ်သည်။

**Source:** https://news-eleven.com/article/194152

## အရေးကြီး ကုန်စည်များမှအပ ကျန်ကုန်ပစ္စည်းများ ကုန်စည်စီးဆင်းမှုရပ်တန့်နေသည့်အတွက် မြဝတီနယ်စပ်၌ ကုန်စည်စီးဆင်းမှု ၇၀ ရာခိုင်နှုန်းအထိကျဆင်း



ဆေးဝါးနှင့်စားသောက်ကုန်အပါအဝင် အရေးကြီးကုန်စည်များသာ တင်ပို့နေရသည့်အတွက် ကျန်ကုန်ပစ္စည်းများ ကုန်စည်စီးဆင်းမှု ရပ်တန့်လျက်ရှိရာ လတ်တလောတွင် မြဝတီနယ်စပ်၌ ကုန်စည်စီးဆင်းမှု ၇၀ ရာခိုင်နှုန်းအထိ ကျဆင်းနေကြောင်း မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်းအတွင်းရေးမှူး ဦးဇော်ထွန်းလင်း၏ ပြောပြချက်အရသိရသည်။

လတ်တလော ရန်ကုန်တိုင်းဒေသကြီး၌ COVID-19 ရောဂါပိုးတွေ့လူနာများလာသည့်အတွက် Stay at Home နေထိုင်ရန် ညွှန်ကြားချက် ထုတ်ပြန်ထားသည့်အပြင် ထိုင်းနိုင်ငံသို့ ကုန်စည်တင်ပို့မှုနှင့် ဝင်ရောက်မှုမှာလည်း နည်းပါးနေသောကြောင့် လက်ရှိတွင် ကုန်စည်တင်ပို့မှုမှာ ၃၀ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။ “စားသောက်ကုန်နဲ့ဆေးဝါးသာ အဓိကတင်ဆောင်ခွင့်ပြုတယ်ဆိုတော့ ကုန်စည်စီးဆင်းတာနည်းသွားတယ်။ ကျန်တာအားလုံးကတော့ရပ်သွားတယ်။ လက်ရှိ မြဝတီနယ်စပ်မှာ ၇၀ ရာခိုင်နှုန်းလောက်နည်းသွားတယ်။ ထိုင်းနိုင်ငံကို လောလောဆယ်တင်ပို့တာလည်းမရှိဘူး” ဟု ဦးဇော်ထွန်းလင်းကပြောသည်။

ထိုသို့ ကုန်စည်စီးဆင်းမှု လျော့နည်းသွားသော်လည်း စက်သုံးဆီဈေးနှုန်းများ ကျဆင်းနေသည့် အတွက် တန်ဆာခနှုန်းထားမှာ ပုံမှန်အတိုင်းပင်ရှိကြောင်း သိရသည်။ “တန်ဆာခနှုန်းထားတွေကတော့ မတက်ပါဘူး။ ကုန်စည်စီးဆင်းမှုကတော့ လောလောဆယ် ရန်ကုန်ပိတ်ထား တာက အဓိကပေါ့။ ရန်ကုန်ကနေ ၁၄ ရက်ပိတ်တာက အဓိကဆိုတော့ ရန်ကုန်ကိုကြည့်ပြီးပဲ ကျန်ကုန်သည်တွေက လှုပ်ရှားရတယ်။ ဒီကာလပြီးရင် ကုန်စည်စီးဆင်းမှုပြန် ကောင်းလာမှာပါ”ဟု ဦးဇော်ထွန်းလင်းကပြောသည်။ မြဝတီကုန်စည်စီးဆင်းမှုမှာ မိုးရာသီကာလများတွင် ရန်ကုန်မှအသွားအပြန် ခြောက်ဘီးမှ ၂၂ ဘီးကားအစီးရေ ပျမ်းမျှတစ်ရက်လျှင် ၁၀၀၀ ဝန်းကျင်ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2235

## ဧည့်မထဆန် တစ်အိတ်လျှင် ၂၃၂၀၀ ကျပ်ဖြင့် ဆိုင်အရောက်ပို့ ရောင်းချမည်

ကိုဗစ်ရောဂါကြောင့် Stay at Home အဖြစ် သတ်မှတ်ထားသော ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးရှိ ဆန်လက်လီဆိုင်များကို ဧည့်မထဆန်တစ်အိတ်လျှင် ၂၃၂၀၀ ကျပ်ဖြင့် ဆိုင်အရောက်ပို့ ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်းမှသိရသည်။ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်၊ ရပ်ကွက်အသီးသီးတွင် ရောင်းချနေသော ဆန်လက်လီဆိုင်များသို့ စားသုံးသူပြည်သူများထံ ဆန်တစ်ပြည် ၁၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချနိုင်သော ဧည့်မထ ၂၅ မှတ် ဆန်များကို ဝယ်ယူလိုပါက ဆန်တစ်အိတ်လျှင် ၂၃၂၀၀ ကျပ် ဆိုင်အရောက်ပို့ ဈေးနှုန်းဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ "ဒီနေ့စရောင်းပါပြီ။ နှစ်ပတ်ပြည့်တဲ့အထိ တစ်ပတ်ကို သုံးရက်နဲ့ ဒိုင်ချိန်တွေမှာ ရောင်းပေးမှာပါ။ ဆန်မျိုးစုံပဲ၊ အမှာစာယူတဲ့ သူတွေရဲ့ လိုအပ်ချက်နဲ့ကိုက်ညီတဲ့ဆန်တွေကို အဆင်ပြေသလို အိမ်အရောက်ပို့စနစ်နဲ့ပို့တာပါ။ ဒီဈေးနှုန်းသတ်မှတ်ထားတဲ့ ဧည့်မထ ၂၅ မှတ်ဆန်ကတော့ အရန်ဆန်ထဲက ရောင်းတာ၊ အဲ့ဆန်ကတော့ လက်လီဆိုင်တွေက ဝယ်ပြီးရင် စားသုံးသူကို တစ်ပြည် ၁၀၀၀ နဲ့ ရောင်းပေးပေါ့နော်။ ကျန်တာတွေကတော့ ဈေးနှုန်းမသတ်မှတ်ထားဘူး။ ညှိနှိုင်းပြီးတော့ ဈေးကွက်ပေါက်ဈေးနဲ့ ရောင်းပေး တာပါ"ဟု ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။

ဆန်လက်လီဆိုင်များအနေဖြင့် ဧည့်မထ ဆန်များကို တစ်ဆိုင်လျှင် အနည်းဆုံး ဆန် ၁၀ အိတ် မှ အများဆုံး အိတ် ၅၀ အထိ ဝယ်ယူနိုင်ပြီး အခြားဆန် အမျိုးအစားများဖြစ်သော ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီ ပေါ်ဆန်းနှင့် ရက် (၉၀) ဆန်များကို လိုအပ်ပါက သင့်တင့်သော ပေါက်ဈေးဖြင့် လက်လီဆိုင်အရောက်ပို့ဆောင် ရောင်းချပေးမည်ဖြစ်ကြောင်းသိရသည်။ လက်လီဆိုင်များ အနေဖြင့် ဆန်တစ်ပြည်ကို ၁၀၀၀ ကျပ်ထက်မပိုစေဘဲ စားသုံးသူပြည်သူလူထုထံ သက်သာသောဈေးနှုန်းဖြင့် ပြန်လည် ရောင်းချပေးရမည်ဖြစ်ပြီး သတ်မှတ်ဈေးနှုန်းထက် ပိုရောင်းချခဲ့ပါက ဆန်ဝယ်ယူရောင်းချခွင့်ကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါး ကုန်စည်ဒိုင်များအား နေ့စဉ် တနင်္ဂနွေနေ့ (၁)ရက်မှလွဲ၍ ဖွင့်လှစ်ရောင်းချပေးလျှက်ရှိရာ လက်ရှိတွင် (Stay at Home) နေထိုင်ရန် ထုတ်ပြန်ထားသည့်အတွက် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ လမ်းမတော်မြို့နယ်ရှိ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) နှင့် မရမ်းကုန်းမြို့နယ်ရှိ ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်)တို့ကို တစ်ပါတ်လျှင် (၃)ရက်၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး ရောင်းချမည့်အချိန်ကိုလည်း နံနက်(၆ ႏ၃၀)နာရီမှ (၁၀ ႏ၀၀)နာရီအတွင်းသာ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/53740

## တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်တို့က ဝယ်ယူနေသဖြင့် သုံးပတ်အတွင်း ကြက်သွန်နီဈေးနှစ်ဆဖြစ်လာ




ကြက်သွန်နီကို ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့က ဝယ်ယူနေသည့်အတွက် စက်တင်ဘာလဆန်းက တစ်ပိဿာလျှင် ၄၂၅ ကျပ်သာ အမြင့်ဆုံးပေါက်ဈေးရှိခဲ့ရာမှ စက်တင်ဘာ ၂၅ရက်တွင် တစ်ပိဿာ ကျပ် ၉၀၀ ဈေးအထိရောက်ရှိလာကြောင်း ဆိပ်ဖြူကုန်စည်ဒိုင်ကသိရသည်။

ကြက်သွန်နီ အဓိကထွက်ရှိရာဒေသဖြစ်သည့် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ကုန်စည်ဒိုင်ပေါက်ဈေးမှာ စက်တင်ဘာ ပထမပတ်အတွင်းက ကြက်သွန်နီအလုံးကြီး တစ်ပိဿာလျှင် ၄၂၅ ကျပ်၊ အလုံးလတ် ၃၉၀ ကျပ်၊ အလုံးသေး ၃၇၅ကျပ် ရှိခဲ့သည်။

စက်တင်ဘာ တတိယပတ်မှစ၍ ဘင်္ဂလားဒေ့နိုင်ငံက ဝယ်ယူလာသည့်အပြင် ရွှေလီဂိတ်ပြန်လည်ဖွင့်လှစ်လိုက်၍ တရုတ်နိုင်ငံသို့လည်း တင်ပို့နေသဖြင့် ဈေးတက်လာခဲ့ပြီး စက်တင်ဘာ ၂၅ရက်တွင် ကြက်သွန်နီအလုံးကြီးနှင့် အလတ် တစ်ပိဿာလျှင် ကျပ်၉၀၀၊ အလုံးသေးမှာ တစ်ပိဿာလျှင် ကျပ်၈၀၀ ဝန်းကျင်ရှိလာကြောင်းသိရသည်။ ရန်ကုန်မြို့ ဘုရင့်နောင် ကုန်စည်ဒိုင် တွင်လည်း စက်တင်ဘာလ ၂၄ ရက် ပေါက်ဈေးများမှာ ကြက်သွန်နီရှယ် ၊လတ်ကြီး၊ လတ်သန့် တစ်ပိဿာလျှင် လက္ကားဈေး ကျပ် ၁,၀၀၀ နှင့် လက်လီဈေး ကျပ် ၁,၀၅၀ ၊ ကြက်သွန်နီ လတ်ချောလက္ကားဈေးတစ်ပိဿာ ကျပ်၆၀၀၊ လက်လီဈေး ၆၅၀ ကျပ်ရှိနေသည်။

ကြက်သွန်နီဈေးမြင့်တက်လာသော်လည်း သိုလှောင်ထားသည့်တောင်သူများအတွက် အရင်းဈေးပင်မရှိသေးသည့် အနေအထားကြောင့် ကြိုက်ဈေးမရသေး၍ တောင်သူများက ထုတ်မရောင်းကြသေးကြောင်း ဆိပ်ဖြူမြို့တွင် ကြက်သွန်နီ သိုလှောင်ထားသည့် တောင်သူဦးတင့်ဝေကပြောသည်။ "တရုတ်နဲ့ဘင်္ဂလားဒေ့ရှ် ပို့တာတွေက တွင်တွင်ကျယ်ကျယ်ကြီး မဖြစ်သေးပါဘူး။ တရုတ်ဘက်လည်း နည်းနည်းပါးပါးသွားကြတယ်။ တရားဝင်တော့ မဟုတ်သေးပါဘူး။ တောင်သူတွေကတော့ သူတို့ လိုချင်သလောက် မရောင်းကြသေးဘူး။ ဈေးက အရင်းပဲရသေးတော့ ပစ္စည်းထိန်းထားကြတယ်။ ကြိုက်ဈေးမရသေးလို့ မရောင်းကြတာလည်း ပါကြတာပေါ့" ဟု ၎င်းကပြောသည်။ တစ်ပိဿာလျှင် ကျပ်၅၀၀ခန့်ဖြင့် ကြက်သွန်နီအစိုကို ဧပြီလမှစ၍ လှောင်ထားကြပြီး လက်ရှိစက်တင်ဘာလတွင် ခြောက်လခန့်ကြာလာသည့်အခါ ကြက်သွန်နီများခြောက်သွားပြီး အလေးချိန်ထက်ဝက်လျော့ကျသွားသည့်အတွက် ကြက်သွန်နီတစ်ပိဿာကို ကျပ် ၁၀၀၀ အရင်းဖြစ်နေကြောင်းသိရသည်။ "မနှစ်က ကြက်သွန်နီဈေးကတော့ ဆယ်နှစ်မှ တစ်နှစ်ဖြစ်တဲ့ဈေးလေ။ မနှစ်ကဆိုရင် ကြက်သွန်နီတစ်ပိဿာကို ၃,၀၀၀ကျော်၊ ၃,၅၀၀အထိဖြစ်သွားတယ်။ မနှစ်ကဈေးက အရမ်းကောင်းသွားကို အခုမှန်းနေကြတာတော့ တက်ဦးမယ်လို့မှန်းနေကြတယ်။ အခု တစ်ပိဿာကို ၉၀၀ကျပ်ဆိုရင် အရင်းမရသေးဘူး" ဟု ဦးတင့်ဝေကပြောသည်။

**Source: The Farmer Journal.**

https://www.facebook.com/myanmaawba/

## ကြက်သွန်ဖြူများ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရန်နှင့် ဈေးကောင်းပိုမိုရရှိစေရန် ကြက်သွန်ဖြူဆိုင်ရာ စံချိန်စံညွှန်းမူကြမ်းကို နိုင်ငံတကာစံနှုန်းအတိုင်းရေးဆွဲမည်



ကြက်သွန်ဖြူများ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရန်နှင့် ပြည်ပဈေးကွက်တွင် ဈေးကောင်းပိုမိုရရှိစေရန် ကြက်သွန်ဖြူဆိုင်ရာ စံချိန်စံညွှန်းမူကြမ်းကို နိုင်ငံတကာစံနှုန်းအတိုင်းရေးဆွဲမည်ဖြစ်ကြောင်း စိုက်ပျိုးရေး အခြေခံထုတ်ကုန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီမှသိရသည်။ စိုက်ပျိုးရေး အခြေခံထုတ်ကုန် စံညွှန်းရေးဆွဲရေးနည်းပညာ ဆပ်ကော်မတီမှ အတွင်းရေးမှူး ဦးမြင့်ဝေက "မူကြမ်းရေးဆွဲတဲ့အခါ အကျိုးရလဒ်ကတော့ ကုန်သွယ်ရေးတွေ ဆောင်ရွက်တဲ့အခါမှာ ချောမွေ့စေမယ်။ အရည်အသွေးတို့ ကုန်သွယ်မှုသတ်မှတ်စည်းကမ်းတို့ကို ပြုလုပ်လာနိုင်မှာဖြစ်ပါတယ်" ဟု ဆင်ဟွာသို့ စက်တင်ဘာ ၂၆ ရက်တွင် ပြောသည်။ လက်ရှိတွင် စံချိန်စံညွှန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား သတ်မှတ်ချက်နှင့်အညီပြင်ဆင်ခြင်း၊ ချမှတ်ခြင်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာ့စံချိန်စံညွှန်းများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောထားမှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ပြည်တွင်းတွင် ကြက်သွန်ဖြူအား ရှမ်းပြည်နယ်၌ အဓိကစိုက်ပျိုးကြောင်း၊ ပြည်ပသို့ တစ်နှစ်လျှင်ကြက်သွန်ဖြူတန်ချိန် ၃၀၀၀ ကျော်တင်ပို့နိုင်ကြောင်းသိရသည်။ ပြည်ပမှ ကြက်သွန်ဖြူအားတိုးမြှင့်ဝယ်ယူလိုသော်လည်း အရည်အသွေးပိုင်းဆိုင်ရာ အားနည်းချက်များကြောင့် မြန်မာနိုင်ငံနှင့် သင့်လျော်မည့် အာဆီယံစံချိန်စံညွှန်းအား ကိုးကားပြုစုထားသည့် မြန်မာ့စံချိန်စံညွှန်း (မူကြမ်း) ကို စံချိန်စံညွှန်းလုပ်ငန်းကော်မတီသို့ ဆက်လက်တင်ပြနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းဆိုသည်။

လက်ရှိမြန်မာနိုင်ငံမှ တင်ပို့လျက်ရှိသော ဖရဲ၊ သခွား၊ ပဲမျိုးစုံ၊ ဆန်စသည်တို့ကိုလည်း နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် တင်ပို့လျက်ရှိကြောင်း၊ အထူးသဖြင့် နိုင်ငံတကာသို့ ဆန်အိတ်စပို့တင်ပို့ပါက မည်သည့်စံချိန်စံနှုန်းနှင့်အညီ စိုက်ပျိုးတင်ပို့သင့်ကြောင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တောင်သူများအားပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းဆိုသည်။

**Source:** https://www.facebook.com/XinhuaMyanmar/

## ကော်ဖီစေ့တန် ၂၀ ကျော်ကို ပြင်သစ်သို့ထပ်မံတင်ပို့

Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ စက်တင်ဘာလ စက်တင်ဘာလ၂၁ ရက်နေ့က ကော်ဖီစေ့တန်ချိန် ၂၀ ဒသမ ၁ တန်ကို ပြင်သစ်နိုင်ငံသို့ ဒုတိယအကြိမ် ထပ်မံတင်ပို့လိုက်ကြောင်း ယင်းသမဝါယမအသင်းထံမှသိရသည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများ စိုက်ပျိုးထားသော ကော်ဖီစေ့များကို တောင်ကြီးမြို့၊ TBC စီးပွားရေးဇုန်ရှိ Green Gold သမဝါယမအသင်းဂိုဒေါင်မှ ကိုယ်တိုင်ကြိတ်ခွဲထုတ်လုပ်ခြင်း၊ အရည်အသွေးဆန်းစစ်ခြင်းများပြုလုပ်၍ အရည်အသွေးပြည့်မီသည့်ကော်ဖီစေ့များကို ပြည်ပနိုင်ငံများသို့ တင်ပို့ပေးနေခြင်းဖြစ်သည်။

Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ ၂၀၂၀ ပြည့်နှစ်အတွင်း ကော်ဖီစေ့ တန်ချိန် ၉၆ တန် တင်ပို့နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ကော်ဖီစေ့တန်ချိန် ၃၉ ဒသမ ၃ တန်ကို ပို့ဆောင်ပြီးဖြစ်ကြောင်းသိရသည်။ ထို့ပြင် ပထမအကြိမ်အဖြစ် စက်တင်ဘာလ ၇ ရက်နေ့က ပြင်သစ်နိုင်ငံသို့ ကော်ဖီစေ့တန်ချိန် ၁၉ ဒသမ ၂ တန်ကို တင်ပို့ခဲ့ခြင်းဖြစ်သည်။

**Source:** https://www.facebook.com/thevoicemyanmar.mm/

## အိန္ဒိယမှမြန်မာ့ မတ်ပဲဝယ်ယူခြင်းကို သက်တမ်းတိုးမပေးသော်လည်း အခြားနိုင်ငံများသို့တင်ပို့ခြင်းဖြင့် ဈေးကောင်းရနေ

အိန္ဒိယမှမတ်ပဲဝယ်ယူခြင်းကို သက်တမ်းမတိုး ပေးသေးသော်လည်းအခြားနိုင်ငံများသို့ တင်ပို့ခြင်းဖြင့်ဈေးကောင်းရနေကြောင်းမြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှသိရသည်။ ''အခုကလက်ကျန်နည်းနေတာရယ်၊ နောက်ပြီးတခြားနိုင်ငံတွေကဝယ်တာရယ်ကြောင့် ပြည်တွင်းဈေးက အိန္ဒိယကဖွင့်ထားတဲ့အချိန်ကထက်တောင် ဈေးကောင်းရနေပါတယ်''ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်က မြန်မာတိုင်းမ်ကို ပြောသည်။

အိန္ဒိယနိုင်ငံက မြန်မာ့မတ်ပဲတန်ချိန် လေးသိန်းဝယ်ယူမှုကို ဩဂုတ်လကုန်ပိုင်းအထိသာ အချိန်လျော့ချ၍ ခွင့်ပြုခဲ့ခြင်းဖြစ်သည့်အတွက် လတ်တလောတွင်အိန္ဒိယသို့ တန်ချိန်တစ်သိန်းကျော်သာတင်ပို့နိုင်သေးသည်။ သက်တမ်းကုန်ဆုံးသွားသော်လည်း ထပ်မံသက်တမ်းမတိုးပေးသည့်အတွက် UAE ၊ ဘင်္ဂလားဒေ့ရှ်နှင့်နီပေါနိုင်ငံစသည့်နိုင်ငံများသို့ တောက်လျှောက်တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအစိုးရချင်း G to G ဆောင်ရွက်နိုင်ရန်နှင့် မတ်ပဲတင်သွင်းခွင့် သက်တမ်းတိုးပေးရန် စာဖြင့်ပေးပို့ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယ သံအမတ်ကြီးမှတစ်ဆင့်ဆွေးနွေးခြင်းတို့ဆောင်ရွက်သော်လည်း အိန္ဒိယအစိုးကယနေ့အထိအကြောင်းပြန်ခြင်းမရှိသေးကြောင်းသိရသည်။ ''အိန္ဒိယအနေနဲ့ အခုထိတော့ မတ်ပဲဝယ်ယူမှု သက်တမ်းတိုးဖို့ကိုဘာမှအကြောင်းမပြန်သေးပါဘူး။ သက်တမ်းတိုးဖို့ကို သတင်းစကားပြောတော့ပြောနေကြပေမယ့်၊ စာမထွက်လာတဲ့ အတွက်အတည်ပြုလို့မရပါဘူး''ဟုဦးထွန်းလွင်ကပြောသည်။

ထို့အတူမြန်မာနိုင်ငံသည် မတ်ပဲနှင့်ပဲစိမ်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ပြီး အိန္ဒိယအစိုးရက ၂၀၁၇ ခုနှစ် ဩဂုတ်လမှစတင်ခါပြည်တွင်းပဲတင်သွင်းခွင့်ကို ကန့်သတ်ခဲ့သဖြင့် မြန်မာပဲ စိုက်ပျိုးသူတောင်သူများနှင့်ပဲကုန်သည်များအခက်တွေ့ခဲ့ရသည်။

**Source:** https://myanmar.mmtimes.com/news/144159.html

## ခရီးသွားလုပ်ငန်းများ လာမည့်နှစ်မှ ပြန်လည်စတင်နိုင်မည်ဟု ခန့်မှန်း

COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကိုထိန်းချုပ်ရန် ကမ္ဘာအနှံ့တွင် ပြည်ဝင်ခွင့်များ၊ လေကြောင်းလိုင်းများရပ်ဆိုင်းခြင်းနှင့် ခရီးသွားလာခွင့်ထိန်းချုပ်မှုများဆောင်ရွက်ခဲ့သဖြင့် လုံးဝရပ်ဆိုင်းသွားခဲ့သည့် ခရီးသွားလုပ်ငန်းသည် လာမည့်နှစ်မှ ပြန်လည်စတင်နိုင်မည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကျွမ်းကျင်သူများက မှန်းဆထားသည်။ COVID-19 ကပ်ရောဂါကြောင့် ခရီးသွားများ၏ရွေးချယ်မှုများမှာ ယခင်နှင့်မတူပဲပြောင်းလဲသွားပြီး မြို့ပြခရီးသွားထက် ကျေးလက်ဒေသများနှင့် သဘာဝပတ်ဝန်းကျင်များကို လေ့လာသည့်ခရီးစဉ်များ ပိုမိုရွေးချယ်လာမည်ဟု ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ ထို့ကြောင့်အဆိုပါခန့်မှန်းမှုနှင့်ကိုက်ညီသည့် မြန်မာနိုင်ငံ၏ လူထုအခြေပြုခရီးစဉ်များ ထိရောက်စွာအသုံးပြုရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အကြံပေးထားသည်။

ထို့ပြင် နိုင်ငံတကာ ခရီးသွားလုပ်ငန်းများ ပြန်လည်နလန်ထူနိုင်ရန် အနည်းဆုံး ၂ နှစ်မှ ၈ နှစ်လောက်အထိ ကြာနိုင်သည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ကျွမ်းကျင်သူများ၏ မှန်းဆပြောဆိုချက်များကို ဒုတိယသမ္မတ ဟင်နရီဗန်ထီးယူက စက်တင်ဘာ ၂၅ ရက်ကကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်ပွဲတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်ကျော့ပြန် မြင့်တက်လာသည့်ကိုဗစ်ကြောင့် လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်းများရပ်ဆိုင်းထားရသည်။ ပြီးခဲ့သည့် မတ်လကုန်မှစပြီး ပြည်ပခရီးသည်များ ဝင်ရောက်ခွင့်အတွက် လေကြောင်းလိုင်းများကိုကန့်သတ်ထားခဲ့သည့် မြန်မာနိုင်ငံလေကြောင်းကဏ္ဍသည် လက်ရှိတွင်လည်း ပြည်တွင်းခရီးစဉ်များပြေးဆွဲမှုကို ရပ်ဆိုင်းထားသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားအရ ၂၀၂၀ ပြည့်နှစ်၏ ပထမနှစ်ဝက်ကာလတွင် နိုင်ငံတကာခရီးသည်ဝင်ရောက်မှုမှာ သန်း (၄၄၀) ရာခိုင်နှုန်းအားဖြင့် (၆၅) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၄၆၀ ဘီလီယံဆုံးရှုံးခဲ့သည့်အတွက် အလုပ်အကိုင်ဆုံးရှုံးမှုများနှင့် ထိခိုက်မှုအများဆုံးကဏ္ဍထဲတွင်ပါဝင်သည်။

**Source:** https://myanmar.mmtimes.com/news/144149.html

## မောက်မယ်ဒေသထွက် ရှောက်ချိုသီးများ ဈေးကွက်တွင် ဈေးကောင်းရလျက်ရှိ



ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့နယ်တွင် ဒေသထွက်ကုန်ဖြစ်သော ရှောက်ချိုသီးလှိုင်လှိုင်ပေါ်ချိန် ဈေးကွက်တွင် ဈေးကောင်းပေးဝယ်ယူသဖြင့် ရှောက်ချိုစိုက် တောင်သူများအဆင်ပြေကြပြီး တောင်ကြီးဈေးကွက်သို့ ယာဉ်ကြီး ယာဉ်ငယ်များဖြင့် တင်ပြီး ရွှေ့လျားရောင်းချခြင်းဖြင့်လည်း ပုံမှန်ဝင်ငွေများ ရရှိကာ တစ်ဆင့်ပြန်လည်ရောင်းချသူများအနေဖြင့်လည်း အဆင်ပြေလျက် ရှိသည်။ တောင်ကြီးဈေးကွက်တွင် ရှောက်ချိုသီး ရောင်းချသူများအနေဖြင့် အလုံးကြီးတစ်လုံးလျှင် ငွေကျပ် ၆၀၀၊ အလုံးလတ်တစ်လုံးလျှင် ငွေကျပ် ၅၅၀၊ အလုံးငယ်တစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

နှစ်စဉ်ရှောက်ချိုသီးပေါ်ချိန် တော်သလင်း၊ သီတင်းကျွတ်လတွင် မောက်မယ်မြို့၏ တောင်ဘက်ခြောက်မိုင်ကျော်ခန့်ရှိ နမ့်လွတ်ကျေးရွာအုပ်စု ဖာဟင်ကျေးရွာ ၊ ကွန်ခံကျေးရွာ ၊ ဝမ်နားကျေးရွာနှင့် ကဒူးလေးကျေးရွာများ၌ အများအပြားစိုက်ပျိုး ထားရှိသော ရှောက်ချိုစိုက်ခင်းများသို့ ရှောက်ချို ကုန်သည်များ သွားရောက်၍ ခြံလုံးပြတ် ဝယ်ယူရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## အာဆီယံနိုင်ငံများနှင့် ဘဏ္ဍာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာသည့် ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

တရုတ်နိုင်ငံအနောက်ပိုင်း အပြည်ပြည်ဆိုင်ရာ ကုန်းလမ်းနှင့်ပင်လယ်ရေကြောင်းကုန်သွယ်ရေးစင်္ကြံသစ်တွင် ပုဂ္ဂလိက အစုရှယ်ယာရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအား စုစုပေါင်းပမာဏ ယွမ်ငွေ (၁၀)ဘီလီယံ (အမေရိကန်ဒေါ်လာ ၁.၄၈ ဘီလီယံ) တန်ဖိုးဖြင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော်နန်နင်းမြို့တွင် တည်ထောင်လိုက်ပြီဖြစ်ကြောင်း စက်တင်ဘာလ (၁၈)ရက် နေ့တွင် ကျင်းပခဲ့သောအစည်းအဝေး၌ ဒေသတွင်းဘဏ္ဍာရေးဆိုင်ရာကြီးကြပ်မှုဗျူရို၏ညွှန်ကြားရေးမှူး Fan Shixiangက ကြေငြာလိုက်ပါသည်။

ပုဂ္ဂလိက အစုရှယ်ယာ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအား ကွမ်ရှီးရင်းနှီးမြှုပ်နှံမှုအုပ်စုနှင့် စင်ကာပူမှ UOB Venture Management Private Limitedတို့အပါအဝင် မိတ်ဖက်များမှ ပူးပေါင်းစတင်ခဲ့ခြင်းဖြစ်ကာ၊ ၎င်းရန်ပုံငွေမှာ နိုင်ငံစုံ မတည်ငွေရင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကြားခံနေရာ (platform)ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ပုဂ္ဂလိက အစု ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေကို အငှားယာဉ်မျှဝေအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသည့် စင်ကာပူ အခြေစိုက်နည်းပညာကုမ္ပဏီဖြစ်သော Grabကဲ့သို့ လုပ်ငန်းများ၏ အစုရှယ်ယာပိုင်ဆိုင်မှုဖြင့် စတင်ထားပါသည်။

အာဆီယံအတွက် ကွမ်ရှီးက တံခါးဖွင့်ပေးထားသောဘဏ္ဍာရေးဆိုင်ရာ ဝင်ပေါက်အဖြစ်တည်ဆောက်ရန် ၂၀၁၈ ခုနှစ်မှ စတင်အတည်ပြုပြီးကတည်းက အာဆီယံနှင့်ကွမ်ရှီးတို့မှာ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များကို ပြုလုပ်ခဲ့ကြပါသည်။

ကွမ်ရှီးသည် ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားကဲ့သို့သော အာဆီယံနိုင်ငံများမှ ဘဏ်များနှင့် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေးကို တည်ထောင်ထားပါသည်။ ထို့ပြင် ၎င်းဒေသမှာ ယွမ်ငွေကြေးနှင့်ကမ္ဘောဒီးယား ငွေကြေး ဖြစ်သည့် ရီယယ်လ်တို့ကို ပထမဆုံးအကြိမ် ပြည်တွင်းဘဏ်အချင်းချင်း အရောင်းအဝယ်ပြုရာတွင် ပါဝင်ဆောင်ရွက်ရန် တရုတ် နိုင်ငံအတွင်း နိုင်ငံခြားဘဏ်များအား မိတ်ဆက်ပေးရာတွင် အစောဆုံးပြုလုပ်ပေးခဲ့သည့်ဒေသလည်းဖြစ်ပါသည်။ ယခုနှစ် ပထမ(၇)လတွင်း ကွမ်ရှီးနှင့် အာဆီယံနိုင်ငံများအကြား ယွမ်ငွေဖြင့်ပေးချေမှုများနှင့် လက်ခံရရှိမှုများမှာ ယွမ်ငွေနှင့် နိုင်ငံခြား ငွေကြေးများအကြား ပေးချေမှုနှင့်လက်ခံရရှိမှုစုစုပေါင်း၏ (၆၀.၅၈)ရာခိုင်နှုန်း နှံ့ရှိပါသည်။

ဩဂုတ်လအတွင်း တရုတ်-မလေးရှား ချင်းကျိုးစက်မှုဇုန်တွင် ဘဏ္ဍာရေးဆိုင်ရာ တီထွင်ဆန်းသစ်မှုများ အကောင်အထည်ဖော်ရေးအတွက် ကွမ်ရှီးက ခွင့်ပြုချက်ရရှိခဲ့ပြီး၊ ပထမဆုံးအသုတ်လုပ်ငန်းများအတွက် စာချုပ်များအား ဗွီဒီယိုကွန်ဖရင့်မှ တဆင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

အာဆီယံနှင့်ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု စတင်ဖွင့်လှစ်ပေးစဉ်အတွင်း ဘဏ္ဍာရေးဆိုင်ရာကျွမ်းကျင်သူများနှင့် စဉ်းစား တွေးခေါ်နိုင်သည့်ဝန်ဆောင်မှုများအတွက် လိုအပ်သော လူ့စွမ်းအားရင်းမြစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စက်တင်ဘာ လဆန်းတွင် ကွမ်ရှီးတက္ကသိုလ်၌ တရုတ်-အာဆီယံ ဘဏ္ဍာရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ပါသည်။

နိုင်ငံဖြတ်ကျော်ငွေပေးချေမှုများ၊ သိပ္ပံနှင့် နည်းပညာ ဘဏ္ဍာရေး၊ ကုန်စည် ထောက်ပို့သယ်ယူပို့ဆောင်ရေး ဘဏ္ဍာရေး၊ ကုန်သွယ်မှုဘဏ္ဍာရေးစသည့် နယ်ပယ် များတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းခိုင်မာစေရန် အာဆီယံအတွက် တံခါးဖွင့်ပေးထားသော ဘဏ္ဍာရေးဆိုင်ရာ တံခါးပေါက်အတွက် မူဝါဒများနှင့် ကုန်းလမ်း-ပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံအတွက် မူဝါဒများအကြားဆုံတွေ့နိုင်စေရေး ကွမ်ရှီးက ဆက်လက်တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**Source: en.gxzf.gov.cn** (၂၁-၉-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ တရုတ် (နန်နင်း)**

## ကမ္ဘာ့စီးပွားရေးသည် ၄.၅ ရာခိုင်နှုန်း ကျဆင်းနိုင်သည်ဟု OECD သတိပေး

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ ပျံ့နှံ့ကူးစပ်မှုကြောင့် ကမ္ဘာ့စီးပွားရေးသည် ဒုတိယကမ္ဘာစစ်ပြီးကတည်းက အဆိုးဆုံး သိသိသာသာကျဆင်းလာခဲ့ကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့စီးပွားရေးသည် ၄.၅ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း၊ ဒုတိယအကြော့ ဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်လာပါက ကမ္ဘာ့စီးပွားရေးသည် ၇.၆ ရာခိုင်နှုန်း ကျဆင်းနိုင်သည်ဟု ယခင်ကကြိုတင်ခန့်မှန်းထားသည်ထက် အခြေအနေပိုကောင်းနိုင်ကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD ) က ၁၆.၉.၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယနှင့်မက္ကဆီကိုကဲ့သို့သော ထွန်းသစ်စနိုင်ငံတစ်ချို့တွင် စီးပွားရေးပိုမို ကျဆင်းလာနိုင်ကြောင်း၊ ကမ္ဘာကြီးသည် ကျန်းမာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့်အတွက် စီးပွားရေးကျဆင်းလျက်ရှိပြီး ကျန်းမာရေးအကျပ်အတည်း မည်သည့်အချိန် ပြီးဆုံးမည်ကို မခန့် မှန်းနိုင်ကြောင်း OECD စီးပွားရေးပညာရှင်ချုပ် (chief economist) ဖြစ်သူ Ms. Laurence Boone ကဆိုပါသည်။ ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့ထုတ်လုပ်မှုသည် ၅ ရာခိုင်နှုန်းတိုးတက်လာနိုင် သော်လည်း အကြောင်းရင်းများစွာကြောင့် ကြိုတင်ခန့်မှန်းမှုသည်လည်း မသေချာသည့် အနေအထားတွင် ရှိကြောင်း ၎င်းက ဆိုပါသည်။ OECD ၏အစီရင်ခံစာတွင် ဗိုင်းရပ်စ် ပျံ့နှံ့ကူးစပ်သည့် အခြေအနေတွင် ပြည်သူများအတွက် ကျန်းမာရေးအစီအမံများနှင့် ကန့်သတ်ချက်များ၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်ချက်နှင့် အလုပ်အကိုင်များ ဆက်လက်တည်မြဲနေစေရေးနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်နေစေရေးအတွက် အစိုးရထောက်ပံ့မှုများသည် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် အဓိက ထည့်သွင်းစဉ်းစားရမည့် အကြောင်းရင်းများဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကမ္ဘာ့ထုတ်လုပ်မှုပမာဏသည် ခန့်မှန်းထားသလောက် ကျဆင်းခြင်းမရှိကြောင်း၊ တရုတ်၊ အမေရိကန်နှင့် ဥရောပနိုင်ငံများသည် မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြကြောင်း၊ သို့သော် အိန္ဒိယ၊ မက္ကဆီကို၊ တောင်အာဖရိက၊ အာဂျင်တီးနားနှင့် အင်္ဂလန်နိုင်ငံတို့သည် ခန့်မှန်းထားသည်ထက် ပိုမိုဆိုးဝါးစွာ ဆောင်ရွက်ခဲ့ကြကြောင်း၊ ကမ္ဘာ့ထုတ်လုပ်မှုကို ယခုနှစ်တွင် ၁၀ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားခဲ့သော်လည်း တိုးမြှင့်ဆောင်ရွက်နိုင်ကြသည်ကိုတွေ့ရကြောင်း ဖော်ပြထားပါသည်။

ချမ်းသာသည့်ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဗဟိုဘဏ်နှင့် အစိုးရသည် ဗိုင်းရပ်ကပ်ရောဂါ အဆိုးဝါးဆုံးသက်ရောက်မှုမရှိစေရန် ငွေကြေးအမေရိကန်ဒေါ်လာ ထရီလီယံများစွာကို စီးပွားရေးနိုးကြားရေးအတွက် ထုတ်သုံးစွဲကြသည်။ အစိုးရများသည် တင်းကြပ်သည့် ငွေကြေးမူဝါဒ လျှင်လျှင်မြန်မြန် ချမှတ်သည့်အမှားကို ရှောင်ရှားရန် အရေးကြီးကြောင်း၊ အစိုးရထောက်ပံ့မှု ဆက်လက်မရရှိပါက စီးပွားရေးလုပ်ငန်းများ ဒေဝါလီခံခြင်း၊ ဝန်ထမ်းများ အလုပ်လက်မဲ့ ဖြစ်ခြင်းတို့ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း

Ms. Boone ကဆိုပါသည်။

Source: The Wall Street Journal

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ အမေရိကန် (ဝါရှင်တန်)**

## ပို့ကုန်တင်ပို့ရာတွင် ကုန်အမှတ်တံဆိပ်ပြောင်းလဲကပ်ရန် အမေရိကန်၏ စည်းမျဉ်းအသစ်ချမှတ်မှုကြောင့် ဟောင်ကောင်ဒေသအစိုးရမှ တောင်းဆိုမှုများပြုလုပ်လျှက်ရှိခြင်း

ဟောင်ကောင်ဒေသမှ တင်ပို့မည့် ကုန်ပစ္စည်းများအား Made in China တံဆိပ်များ ပြောင်းလဲကပ်ရမည့် စည်းမျဉ်းအသစ်ကြောင့် ဟောင်ကောင်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) ၏ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်နိုင်သည်ဟု ဟောင်ကောင်ဒေသအစိုးရမှ စာရေးသားပေးပို့ခဲ့ကြောင်း၊ အဆိုပါ တံဆိပ်ပြောင်းလဲကပ်ရန် ချမှတ်သည့် စည်းမျဉ်းအသစ်များမှာ အကြောင်းအကျိုးဆီလျော်မှုရှိကြောင်းနှင့် ပယ်ဖျက်ပေးနိုင်ရန်အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Robert Lighthizer သို့ အကြောင်းကြားစာ ဆက်လက်ပေးပို့ပေးပါရန်  ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွင်းဝန် (ဝန်ကြီး) Mr. Edward Yau Tang-wah မှ ဟောင်ကောင်ဒေသအခြေစိုက်၊ အမေရိကန် ကောင်စစ်ဝန်ချုပ်ရုံးသို့ မေတ္တာရပ်ခံခဲ့ကြောင်း၊ ထို့ပြင် အမေရိကန်အခြေစိုက်၊ ဟောင်ကောင်ကုန်သွယ်ရေးရုံးနှင့် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကုန်သွယ်ရေး ကိုယ်စားလှယ်တို့အားလည်း အမေရိကန်နိုင်ငံသို့ အလားတူ အကြောင်းကြားစာများပေးပို့ရန် ညွှန်ကြားခဲ့ကြောင်း၊ အမေရိကန်မှ ပြန်လည်တုံ့ပြန်မည့်အပေါ်မူတည်၍ ၎င်းတို့၏ အခွင့်အရေးရှိသည့်အတိုင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းဖြင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ ပင်ရင်းထုတ်လုပ်သည့်နိုင်ငံတံဆိပ် ပြောင်းလဲကပ်ရခြင်းမှာ WTO ၏ စည်းမျဉ်းစည်းကမ်းများကို ဆန့်ကျင်ရာရောက်ပြီး ဟောင်ကောင်ဒေသအနေဖြင့် WTO ၏ သတ်မှတ်ချက်အရ အကောက်ခွန်သီးသန့်ကောက်ခံသည့် အခြေအနေကို ချိုးဖောက်ရာရောက်ကြောင်းစသည့် အချက် အပေါ်အခြေခံ၍ ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသသည် ကမ္ဘာ့ကုန်သွယ်ရေးတွင် လွတ်လပ်စွာ ကုန်သွယ်နိုင်သည့် အဖွဲ့ဝင်ဒေသတစ်ခုဖြစ်ကြောင်း၊ တရုတ်ကုန်ပစ္စည်းများအပေါ် ၂၀၁၈ ခုနှစ်မှ စတင်၍ အခွန်သတ်မှတ်ခြင်းမှာ အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံမှလည်း WTOသို့ ၁၅-၉-၂၀၂၀ ရက်နေ့က တိုင်ကြားခဲ့ကြောင်း၊ စည်းမျဉ်းအသစ်ချမှတ်ရာတွင် လိုအပ်ချက်များအား လေ့လာရန်နှင့် ပြင်ဆင်ချိန်ပေးရန်လိုအပ်ကြောင်း၊ သို့သော် ယခုသတ်မှတ်ချက်တွင် ဟောင်ကောင်အတွက် WTO သို့ တိုင်ကြားဖြေရှင်းရန်အချိန်မရှိသော်လည်း ဟောင်ကောင်တွင် အမေရိကန်ကို ဆန့်ကျင်နိုင်မည့် လှည့်ကွက်အစီအစဉ်တစ်ခုရှိကြောင်းနှင့် ဟောင်ကောင်ဒေသနှင့် စီးပွားရေးကဏ္ဍတို့၏ အကျိုးစီးပွားအတွက်လည်းဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအနေဖြင့် WTO အဖွဲ့ဝင်ဖြစ်သောကြောင့် အခြားအဖွဲ့ဝင်တစ်ခုက ကျိုးကြောင်းဆီလျော်မှုမရှိသည့် သတ်မှတ်ချက်များချမှတ်လျှင် WTO အဖွဲ့ဝင်အားလုံးအား သွယ်ဝိုက်သောအားဖြင့် ပါဝင်ပတ်သတ်စေခြင်းဖြစ်ကြောင်း၊ ဟောင်ကောင်အစိုးရအနေဖြင့် 'Made in Hong Kong, China' တံဆိပ်ကပ်နိုင်ရန်နှင့်ပတ်သက်၍ ဖြစ်နိုင်ချေရှိသည်များကို စူးစမ်းရှာဖွေခဲ့ကြောင်း၊ အမေရိကန် သမ္မတထရန့်၏ Executive Order ကြောင့် ဟောင်ကောင်ဒေသ၏ ၁၉၉၂ ဥပဒေအရ အထူးခံစားခွင့်များ အဆုံးသတ်နိုင်ပြီး ဟောင်ကောင်ဒေသမှ ပို့ကုန်တင်ပို့သူများအနေဖြင့် 'Made in China' တံဆိပ်ပြောင်းလဲကပ်ရမည်ဖြစ်ကြောင်း၊ အဆိုပါ သတ်မှတ်ချက်မှာ ၃၀-၆-၂၀၂၀ ရက်နေ့တွင် ပေကျင်းမှဟောင်ကောင် အမျိုးသားလုံခြုံရေးဥပဒေကို အတည်ပြုခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၌ ရဲတပ်ဖွဲ့နှင့်လုံခြုံရေးအင်အားများနှင့် ပတ်သက်၍စိုးရိမ်ဖွယ်ဖြစ်နေရာ အမေရိကန်မှလည်း ၎င်း၏ နိုင်ငံသားများကို ဟောင်ကောင်ဒေသသို့ သွားရောက်ခြင်းမပြုရန် ခရီးသွားအကြံပေးထုတ်ပြန်ခဲ့ကြောင်း၊ ဟောင်ကောင်အစိုးရသည် WTO သို့တင်ပြ၍ အငြင်းပွားမှုဖြေရှင်းမည်ဖြစ်ပြီး သဘောတူညီချက်ရရှိလျှင်ပင် 'Made in China' တံဆိပ်ပြောင်းလဲကပ်ရမည့် ဥပဒေအသစ်ကို အချိန်မီရပ်တန့်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Ng Kang-chung နှင့် GigiChoy တို့က "City Demands U.S. Drop New Rule on Export Labels" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 28th Sep. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +100 | +1.01% | 10,000 | 10,000 | 10,000 | 236 | 2,360,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,650 | 820 | 3,019,000 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 23,000 | +0 | +0.00% | 22,500 | 23,000 | 22,500 | 542 | 12,435,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,750 | 2,700 | 641 | 1,730,800 | 12,823,224 | 34,623 |
| EFR | 00006 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 10 | 30,000 | 19,977,223 | 59,932 |

## Market summary

As of 28th Sep. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 436.70 | +1.83 | +0.42% | 436.70 | 436.70 | 434.56 | 2,249 | 19,574,800 | 6 | 649,785 |

### Index chart




## Market Overview

As of 11:00 am, 28th Sep. 2020

| MYANPIX | 434.56 ▼ 0.31 |
|---|---|
| Total Volume (shares) | 1,344 |
| Total Value (MMK) | 5 mil |
| Listed Company | 6 |
| Market Cap. (MMK) | 646,602 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 100 |
| MTSH | 00002 | 3,650 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 3,000 | ▲ 0 |